
[illegible]
**Karenni Civil Society Network**
P.O. Box - 100, Mae Hong Son, 58000, Thailand
Phone: 06 5329 7814, E-mail:kcsn2010@gmail.com

မေလ ၇ရက်၊ ၂၀၂၆ ခုနှစ်

## ကရင်နီလူမှုအသင်းအဖွဲ့များကွန်ရက်၏ တစ်လတစ်ကြိမ် အခြေအနေ တင်ပြချက်၊
## ဧပြီလ ၁-၃၀ ရက်နေ့ထိ၊၂၀၂၆ ခုနှစ်
## ကရင်နီပြည်နယ်နှင့် ဖယ်ခုံမြို့နယ်အတွင်း စစ်ကောင်စီ၏ ချိုးဖောက်မှုများ အကျဉ်း

| စဉ် | | ဖေဖော်ဝါရီလ ၁ရက်- ၂၀၂၁ မှ မတ်လ ၁-၃၁ရက်၊ ၂၀၂၆ | ဧပြီလ ၁- ၃၀ရက်၊ ၂၀၂၆ | စုစုပေါင်း |
|---|---|---|---|---|
| ၁ | အရပ်သားများ သတ်ဖြတ်ခံရခြင်း | ၇၃၃ | ၅ | ၇၃၈ |
| ၂ | အရပ်သားများ ဖမ်းဆီးခံရခြင်း | ၅၉၂ | | ၅၉၂ |
| ၃ | အရပ်သားများ ထိခိုက်ဒဏ်ရာရခြင်း | ၉၉၅ | ၁၀ | ၁၀၀၅ |
| ၄ | **အဆောက်အအုံများ ပျက်စီးဆုံးရှုံးမှုများ** | | | |
| | လွိုင်ကော်မြို့နယ် | ၁၅၈၆ | | ၁၅၈၆ |
| | ဒီးမော့ဆိုမြို့နယ် | ၇၀၃ | ၅ | ၇၀၈ |
| | မယ်စဲ့မြို့နယ် | ၃၇ | | ၃၇ |
| | ဖယ်ခုံမြို့နယ် | ၈၄၇ | | ၈၄၇ |
| | ဖရူဆိုမြို့နယ် | ၁၉၂ | ၃ | ၁၉၅ |
| | ဘောလခဲမြို့နယ် | ၃၅ | | ၃၅ |
| | ရှားတောမြို့နယ် | ၅၆ | | ၅၆ |
| | ဖားဆောင်းမြို့နယ် | ၁၉၈ | | ၁၉၈ |

စကစ စစ်ဆင်ရေးနှင့် ချိုးဖေါက်မှုများပြုလုပ်သည့်နေရာ၊ ဧပြီလ ၁-၁၀ရက်နေ့ထိ၊၂၀၂၆ ခုနှစ်



ဖားဆောင်း၊ ဖရူဆိုနှင့် ဒီးမော့ဆိုမြို့နယ်များတွင် အာဏာသိမ်းစစ်ကောင်စီတပ်များ၏ ဒရုန်းနှင့် လက်နက်ကြီး ပစ်ခတ်မှုများကြောင့် အရပ်သား ၅ ဦး သေဆုံးခဲ့ပြီး ၆ ဦး ဒဏ်ရာရရှိ

ဧပြီလအတွင်း စစ်ကောင်စီတပ်များ၏ ဒရုန်းနှင့် လက်နက်ကြီးတိုက်ခိုက်မှုများကြောင့် ဖားဆောင်း၊ ဖရူဆိုနှင့် ဒီးမော့ဆိုမြို့နယ်များတွင် အရပ်သား ၅ ဦး သေဆုံးခဲ့ပြီး ၆ ဦး ဒဏ်ရာရရှိခဲ့သည်။ အသက် ၉ နှစ်အရွယ် ကလေးတစ်ဦးအပါအဝင် အရပ်သား ၄ ဦးတို့သည် စစ်ကောင်စီ၏ မြေမြှုပ်မိုင်းများနှင့် မပေါက်ကွဲသေးသော လက်နက်များကြောင့် ထိခိုက်ဒဏ်ရာရရှိခဲ့သည်။ တစ်ချိန်တည်းမှာပင် စစ်ကောင်စီ အာဏာပိုင်များသည် ၎င်းတို့၏ စစ်မှုထမ်းဥပဒေကို အသုံးပြုကာ ဒေသခံပြည်သူများထံ ခြိမ်းခြောက်ပြီး ငွေကြေးညှစ်ယူမှုများ ပြုလုပ်ခဲ့သည်။ ဧပြီလတွင်း လွိုင်ကော်မြို့ရှိ လူငယ် ၅ ဦးကို စစ်ကောင်စီ အာဏာပိုင်များက ဖမ်းဆီးခေါ်ဆောင်သွားခဲ့ပြီး တစ်ဦးလျှင် ကျပ်ငွေ သိန်း၃၀မှ သိန်း ၅၀ အထိ ရွေးငွေအဖြစ်ပေးဆောင်ပြီးမှသာ ၎င်းတို့၏ မိသားစုများထံ ပြန်လည်လွှတ်မြောက်ခဲ့သည်။

ဧပြီလ*အတွင်း ဖြစ်ပွားခဲ့သော ပဋိပက္ခများ၏ အချိန်ဇယား*

ဧပြီလ ၂ရက်၊ မွန်းလွဲအချိန် ဖားဆောင်းမြို့နယ်၊ မော်ချီးဒေသရှိ ဓမိုင်ခဲလုပ်ကွက်တစ်ခုကို စစ်ကောင်စီတပ်မှ အသေခံဒရုန်းသုံးစင်းအား အသုံးပြုကာ တိုက်ခိုက်မှုပြုလုပ်ခဲ့ခြင်းကြောင့် အသက်၆၀အရွယ် အမျိုးသမီးတစ်ဦး သေဆုံးခဲ့သည်။

ဧပြီလ ၆ရက်၊ မနက်၁၁နာရီဝန်းကျင်အချိန် စစ်ကောင်စီတပ်မှ ဒီးမော့ဆိုမြို့နယ်၊ အနောက်ဘက်ခြမ်း တစ်နေရာကို ဒရုန်းဖြင့် ကင်းထောက်ပြီးနောက် လက်နက်ကြီး ၆လုံးထက်မနည်း ပစ်ခတ်ခဲ့ခြင်းကြောင့် ကျေးရွာထဲရှိ နေအိမ်တစ်လုံးလက်နက်ကြီးစထိမှန်ပျက်စီးခဲ့သည့်အပြင် မပေါက်ကွဲသေးသော လက်နက်ကြီးများလည်းရှိနေသည်။

ဧပြီလ ၉ရက်၊ ဖရူဆိုမြို့နယ်အတွင်းရှိကျေးရွာတစ်ရွာကို စစ်ကောင်စီတပ်မှ ဒရုန်းဖြင့် ဗုံး၃လုံးကြဲချတိုက်ခိုက်ခဲ့ခြင်းကြောင့် စာသင်ကျောင်းဆောင်တစ်ခု၊ အိမ်နှစ်လုံးထိမှန်ပျက်စီးခဲ့ပြီး လူတချို့ထိခိုက်ဒဏ်ရာရရှိခဲ့သည်။ ထို့အပြင် ဧပြီလ၁၁ရက်နေ့တွင်လည်း ထိုကျေးရွာကို ဒရုန်းဗုံးကြဲ တိုက်ခိုက်မှုနှင့် လက်နက်ကြီးပစ်ခတ်မှုများ ထပ်မှန်ပြုလုပ်ခဲ့သည်။

ဧပြီလ ၁၃ရက်၊ မြန်မာ့ရိုးရာ သင်္ကြန်အကြိုနေ့တွင် လွိုင်ကော်အခြေစိုက် စစ်ကောင်စီတပ်များမှ ဒီးမော့ဆိုမြို့၊ အနောက်ဘက်ခြမ်းတစ်နေရာကို လက်နက်ကြီးဂလုံးခန့် ရမ်းသမ်းပစ်ခတ် တိုက်ခိုက်မှုပြုလုပ်ခဲ့ခြင်းကြောင့် ပြည်သူများကြား ထိတ်လန့်စိုးရိမ်ပူပန်လျက်ရှိသည်။

ဧပြီလ ၁၃ရက်၊ လွိုင်ကော်မြို့နယ်၊ နောင်ယား(က) ရပ်ကွက်နေထိုင်သူ အသက်၄၀အရွယ်အမျိုးသမီး တစ်ဦး နေအိမ်ခြံဝန်းသန့်ရှင်းရေးလုပ်နေစဉ်တွင် မြေမြှုပ်မိုင်းနင်းမိကာ ထိခိုက်ဒဏ်ရာရရှိခဲ့သည်။ လွိုင်လင်လေးမြို့၊ ထီးစဲခါးကျေးရွာနေထိုင်သူ အသက်၉နှစ်အရွယ် ကလေးတစ်ဦးလည်း နေအိမ်ခြံဝန်းထဲကစားနေစဉ် မြေမြှုပ်မိုင်းနင်းမိကား ပြင်းထန်ဒဏ်ရာရရှိခဲ့သည်။

ဧပြီလ ၁၉ရက်၊ လွိုင်လင်လေးမြို့၊ အောင်တေဇရပ်ကွက်တွင် ဌာနဆိုင်ရာဝန်ထမ်းများနှင့် ပြည်သူများ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်နေစဉ်တွင်း လက်နက်ကြီးဗုံးသီးစကို ပေါက်ပြားဖြင့် ပေါက်မိရာမှ ပေါက်ကွဲကာ ဝန်းထမ်းတစ်ဦးနှင့် ပြည်သူတစ်ဦး ထိခိုက်ဒဏ်ရာရရှိခဲ့သည်။

ဧပြီလ ၁၉ရက်နေ့၊ ည ၈နာရီအချိန် နှင့် သင်္ကြန်မတိုင်ခင်တွင် စစ်ကောင်စီထိန်းချုပ်ထားသော လွိုင်ကော်မြို့တွင်နေထိုင်သော လူငယ်အမျိုးသား ၅ဦးကို စစ်ကောင်စီတပ်မှ ဖမ်းဆီးခေါ်ဆောင် သွားခဲ့ပြီး အုပ်ထိုင်းသူများမှ ကျပ် သိန်း၃၀မှ၅၀အထိပေးဆောင်ကာ ပြန်လည်ရွေးယူခဲ့ရသည်။ မိသားစုများသည် ငွေမပေးနိုင်ပါက ၎င်းတို့၏သားများကို စစ်မှုထမ်းရန် စုဆောင်းမည်ဟု ခြိမ်းခြောက်မှုများလည်း ခံခဲ့ရသည်။

ဧပြီလ ၂၃ရက်၊ ညနေပိုင်း ၆နာရီဝန်းကျင်အချိန် ဒီးမော့ဆိုမြို့နယ်၊ နန်းမယ်ခုံမြို့၊ ဆင်တောင် အုပ်စုအတွင်းရှိ ကျေးရွာတစ်ရွာကို စစ်ကောင်စီ၏ မိုးဗြဲအခြေစိုက် ခမရ ၄၂၂တပ်မှ လက်နက်ကြီးများ ပစ်ခတ်တိုက်ခိုက်ခဲ့ခြင်းကြောင့် အသက်၁၇နှစ်အရွယ် လူငယ်တစ်ဦးသေဆုံးခဲ့သည်။

ဧပြီလ ၂၄ရက်၊ မွန်းလွဲ ၂နာရီခွဲအချိန် စစ်ကောင်စီတပ်များ၏ လက်နက်ကြီးများပစ်ခတ်ခြင်းနှင့် အသေခံဒရုန်းဖြင့် တိုက်ခိုက်ခြင်းတို့ကြောင့် နန်းမယ်ခုံမြို့တွင်း နေထိုင်သူအမျိုးသမီးတစ်ဦး ထိခိုက်ဒဏ်ရာရရှိခဲ့သည်။

ဧပြီလ ၂၅ရက်၊ မနက် ၁၀နာရီအချိန် စစ်ကောင်စီ၏ မိုးဗြဲအခြေစိုက် ခမရ ၄၂၂တပ်မှ အသေခံဒရုန်းနှင့် လက်နက်ကြီးများ ရမ်းသမ်းပစ်ခတ်မှုကြောင့် နန်းမယ်ခုံမြို့၊ ဆင်တောင်အုပ်စု၊ ကျေးရွာတစ်ရွာတွင် နေထိုင်သူ အသက် ၁၈နှင့် ၃၈နှစ်အရွယ် အမျိုးသားနှစ်ဦးနှင့် ၁၆နှစ်အရွယ် မိန်ကလေးတစ်ဦးစုစုပေါင်း ၃ဦးသေဆုံးခဲ့ပြီး ကျန်နှစ်ဦး ပြင်းထန်ဒဏ်ရာရရှိခဲ့သည်။ ထို့အပြင် နေအိမ်၃လုံးထိမှန်ပျက်စီးခဲ့ပြီး ကုန်စုံဆိုင်တစ်ဆိုင်ပါ မီးလောင်ပျက်စီးခဲ့သည်။


**contact persons:**

Khu Ko Reh Tel: +66 65 329 7814

Maw Thue Myar Tel: +66 63 608 3153

Website : www.karennicsn.org

Facebook: https://www.facebook.com/kcsnengbur

Email: kcsn2010@gmail.com